13:01
ရွေးကောက်ပွဲ သပိတ်မှောက်တဲ့ ဆင်သေကန်  ရွေးကောက်ပွဲဆန့်ကျင်တဲ့ အမှတ်အသား ကြက်ခြေခတ်တွေကို ကျောက်ပန်းတောင်းမြို့နားက ဆင်သေကန် ရထားဘူတာရုံမှာ မှုတ်ဆေးနဲ့ ရေးထားတာကို အောက်တိုဘာ ၃၀ ရက်နေ့က မှတ်တမ်းတင် ရိုက်ကူးထားတဲ့ ဗီဒီယိုတွေဖြစ်ပါတယ်။ ဗကသ ဆိုတဲ့ စာသားလည်း တွေ့ရှိရတာကြောင့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂက အဖွဲ့ဝင်တယောက်က ရေးသွားတယ်လို့ ယူဆရပါတယ်။

ဒီရွာဟာ မြောက်ကိုရီးယားလူမျိုးဆရာတွေရှိတဲ့ စစ်ဘက်စီမံကိန်းနဲ့ နီးပါတယ်။

အိမ်ခြေ ၂၀၀ လောက်ရှိတဲ့ ဆင်သေကန်ရွာဟာ ၁၉၈၈ ခုနှစ် လူထုအုံကြွမှုမှာ ရွာလုံးကျွတ် ဆန္ဒပြခဲ့ပြီး ယခုအချိန်အထိ စစ်အစိုးရကို ဆန့်ကျင်တဲ့ အမာခံဒေသတခုလို့ ဒေသတွင်းမှာ ကျော်ကြားပါတယ်။ အနီးအနားရွာတွေမှာ စီဒီအမ်အေ တယ်လီဖုန်းတလုံးစီ စစ်အစိုးရက ချထားပေမယ့် ဆင်သေကန်ကိုတော့ တမင်သက်သက် ချန်လှပ်ထားတယ်လို့ ရွာသားတွေက စွပ်စွဲပြောပါတယ်။

သောကြာနေ့၊ နိုဝင်ဘာလ ၀၅ ရက် ၂၀၁၀ ခုနှစ်

22:26
ကြံ့ဖွံ့ပါတီ ကြော်ငြာ ဆိုင်းဘုတ်  {rokbox album=|NOV2010| title=|ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ်အနီး၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ ကြီးမားလှသော မဲဆွယ် ဆိုင်းဘုတ်ကို အိုးမဲ့အိမ်မဲ့ သားအမိနှစ်ဦးနှင့် ယှဉ်တွဲလျက် တွေ့ရစဉ်။|}images/Election2010/photos/usdp-election-canvass.jpg{/rokbox}

21:34
အကျဉ်းသား မလွှတ်ပေး  အင်းစိန်ထောင်မှာ အကျဉ်းသားတွေ လွှတ်ပေးမယ်ဆိုတဲ့ သတင်းရလို့ ထောင်ရှေ့ကို ပြည်တွင်း သတင်းထောက်တွေ ဒီနေ့မနက်မှာ သွားစောင့်ကြပေမယ့် မလွှတ်ပေးခဲ့ဘူးလို့ မွန်းလွဲ ၂ နာရီခွဲအထိ စောင့်ဆိုင်းခဲ့တဲ့ သတင်းထောက် တယောက်က ပြောပါတယ်။

ထောင်ဝန်ထမ်းတွေဆီကနေ စုံစမ်းသိရှိရချက်ကို သူက ပြန်ပြောရာမှာ လာမယ့် တနင်္လာနေ့ကျမှ လွှတ်ပေးမယ်လို့ ဆိုပါတယ်။    19:59
ဒါရိုက်တာ တင်သန်းဦး ကွန်လွန်
  ရွေးကောက်ပွဲအမီ ဝါဒဖြန့်ချိရေး ရုပ်ရှင်ဇာတ်ကား အရက်ဦးမှာ ဖူးသည့်ကြာ ဇာတ်ကားကို ရိုက်ကူးခဲ့တဲ့ ဒါရိုက်တာ တင်သန်းဦး ကွယ်လွန်သွားပါပြီ။  ဒီကနေ့ နံနက် ၂ နာရီမှာ မင်္ဂလာဒုံ စစ်ဆေးရုံမှာပဲ ကွယ်လွန်သွားတာလို့ ကွယ်လွန်သူရဲ့ မရီးဖြစ်သူက မဇ္ဈိမကို ပြောပါတယ်။

{play}images/Election2010/audio-news/TinthanOomayee.mp3{/play}

 အရက်ဦးမှာ ဖူးသည့်ကြာဟာ သမိုင်းအချက်အလက် အမှားတွေကို ရိုက်ကူးခဲ့တဲ့ ဇာတ်ကားလို့ ဝေဖန်ခံခဲ့ရပါတယ်။    19:31
ကြိုတင်မဲကို စိုးရိမ်တယ်  ကြိုတင်မဲကောက်ရာမှာ မဲရုံကိုယ်စားလှယ် ထားခွင့်မရတာကြောင့် စိုးရိမ်တယ်လို့ ပြည်ထောင်စု ဒီမိုကရေစီပါတီ အထွေထွေ အတွင်းရေးမှူး ဦးသိန်းတင်အောင်က ပြောပါတယ်။

သတင်းရင်းမြစ် > thant
သောကြာနေ့၊ နိုဝင်ဘာလ ၀၅ ရက် ၂၀၁၀ ခုနှစ် ၀၂ နာရီ ၂၀ မိနစ်



[တိုက်ရိုက်တင်ဆက်မှု အစီအစဉ် ယခင်ရက်များ]